## အကျိုးသက်ရောက်သည့် စီးပွားရေးလုပ်ငန်းများ

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း သုံးလတစ်ကြိမ် ပေးဆောင်ရမည့် ဝင်ငွေခွန်နှင့် လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်တို့နှင့်ပတ်သက်၍ တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ အခွန်ပေးဆောင်စေခြင်းအား အခွန်ပေးဆောင်ရမည့်ရက်ကို တိုးမြှင့်သတ်မှတ်ပေးရန် စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၁၈-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် (၁/၂၀၂၀)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အကျိုးသက်ရောက်သည့် စီးပွားရေးလုပ်ငန်းများမှာ-

- ❖ CMP လုပ်ငန်းများ၊
- ❖ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊
- ❖ အသေးစားအလတ်စားစီးပွာရေးလုပ်ငန်းများ။







CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား စီးပွာရေးလုပ်ငန်းများမှအပ အခြားလုပ်ငန်းများသည် တည်ဆဲအခွန်ဆိုင်ရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

## အခွန်ပေးဆောင်ရမည့်ရက် တိုးမြှင့်သတ်မှတ်ပေးခြင်း

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း သုံးလတစ်ကြိမ် ပေးဆောင်ရမည့် ဝင်ငွေခွန်နှင့် လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်တို့နှင့် ပတ်သက်၍ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ မကုန်ဆုံးမီ ပေးဆောင်နိုင်ကြောင်း အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၄၄၊ ပုဒ်မခွဲ(ခ) ပါ လုပ်ပိုင်ခွင့်အရ အောက်ပါအတိုင်း တိုးမြှင့်သတ်မှတ်ပေးထားပါသည်-

- ❖ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဒုတိယသုံးလပတ် (၁-၁-၂၀၂၀ မှ ၃၁-၃-၂၀၂၀ ထိ ကာလ) နှင့် တတိယသုံးလပတ် (၁-၄-၂၀၂၀ မှ ၃၀-၆-၂၀၂၀ ထိကာလ) တို့အတွက် သုံးလတစ်ကြိမ် ပေးဆောင်ရမည့် ဝင်ငွေခွန်၊
- ❖ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည့်လအတွက်မှ စတင်၍ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးမည့်လအတွက် လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်။






## အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်းသော သတ်မှတ်ချက်များ

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ❖ ထုတ်လုပ်မှုလုပ်ငန်းဖြစ်လျှင် (မြေတန်ဖိုးမပါဝင်) မတည်ရင်းနှီးငွေ ကျပ်သန်း ၁၀၀၀ ထက်မပိုသော လုပ်ငန်း၊
- ❖ လက်ကားရောင်းဝယ်ရေး လုပ်ငန်းတစ်ခုဖြစ်လျှင် လွန်ခဲ့သော နှစ်၏ တစ်နှစ်ရောင်းရငွေ ကျပ်သန်း ၃၀၀ ထက်မပိုသောလုပ်ငန်း၊
- ❖ လက်လီရောင်းဝယ်ရေးလုပ်ငန်းတစ်ခုဖြစ်လျှင် လွန်ခဲ့သောနှစ်၏ တစ်နှစ်ရောင်းရငွေ ကျပ်သန်း ၁၀၀ ထက်မပိုသော လုပ်ငန်း၊
- ❖ ဝန်ဆောင်မှုပေးသည့်လုပ်ငန်းတစ်ခုဖြစ်လျှင် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝန်ဆောင်မှုရငွေ ကျပ်သန်း ၂၀၀ ထက်မပိုသောလုပ်ငန်း၊
- ❖ အထက်ပါလုပ်ငန်းများမှအပ အခြားလုပ်ငန်းတစ်ခုဖြစ်လျှင် လွန်ခဲ့သောနှစ်၏ တစ်နှစ်ရောင်းရငွေ/ ရငွေ ကျပ်သန်း ၁၀၀ ထက်မပိုသောလုပ်ငန်း။

## ဒဏ်ကြေးငွေ သတ်မှတ်ခြင်း

တိုးမြှင့်သတ်မှတ်ပေးသည့် နေ့ရက်အတွင်း အခွန်ပေးသွင်းရန်ပျက်ကွက်ခြင်းအတွက် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၇၄၊ ပုဒ်မခွဲ(ခ) အရ ပေးဆောင်ခြင်းမရှိသေးသည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသည့် ပမာဏကို နောက်ကျပေးဆောင်မှု ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် ဖြစ်ပါသည်။

## Covid-19 ကာကွယ်ရေးအတွက် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ထပ်မံဆောင်ရွက်ပေးမှု အခြေအနေ

- ❖ SAS စနစ်သို့ ကူးပြောင်းသည့် အခွန်ရုံးများတွင် ၂၀၂၀ ပြည့်နှစ် မတ်လ နောက်ဆုံးအပတ်မှစ၍ အခွန်ထမ်းမှတ်ပုံတင်ပုံစံနှင့် သတင်းအချက်အလက်တောင်းခံလွှာပုံစံများအား e-mail ဖြင့် လက်ခံပေးခြင်း၊
- ❖ SAS ရုံးများတွင် သုံးလပတ်ကြေညာလွှာ တင်သွင်းသည့် ကိစ္စများအား အခွန်ရုံးသို့ လူကိုယ်တိုင် လာရောက်တင်သွင်းရန်မလိုဘဲ e-mail ဖြင့် လက်ခံဆောင်ရွက်ပေးခြင်း၊
- ❖ COVID- 19 ဖြစ်ပွားမှုကြောင့် လစဉ် လစာဝင်ငွေခွန်ပေးသွင်းရန် ကြုံတွေ့နေရသည့် အခက်အခဲများကို ကုစားပေးနိုင်ရန် ရည်ရွယ်၍ အခွန်ပေးဆောင်ရမည့်အချိန်ကို တိုးမြှင့်ပေးစေလိုကြောင်း အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ၄၄၊ ပုဒ်မခွဲ (က) နှင့်အညီ သက်ဆိုင်ရာအခွန်ရုံးသို့ လျှောက်ထားလာပါက လစဉ်ပေးဆောင်ရမည့် လစာဝင်ငွေခွန်ကို သုံးလတစ်ကြိမ် ပေးသွင်းခွင့်ပြုခြင်း၊
- ❖ COVID- 19ကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှု လျော့နည်းသက်သာစေရေးအတွက် ပို့ကုန်တင်ပို့ခြင်းအပေါ် ကြိုတင်ဝင်ငွေခွန် ၂% ကောက်ခံခြင်းကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ ဖြင့် ၁-၄-၂၀၂၀ နေ့မှ ၃၀-၉-၂၀၂၀ နေ့အထိ ကင်းလွတ်ခွင့်ပြုထားပါသည်။

## အကျိုးကျေးဇူးများ

အခွန်ပေးဆောင်ရမည့်ရက် တိုးမြှင့်သတ်မှတ်ပေးခြင်းနှင့် ပို့ကုန်အပေါ်ဝင်ငွေခွန် ၂ % ကင်းလွတ်ခွင့်ပေးခြင်းဖြင့် အောက်ပါ အကျိုးကျေးဇူးများ ရရှိစေပါသည်-

- ❖ COVID- 19 ကြောင့် နိုင်ငံတော် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားပေးခြင်း၊
- ❖ စီးပွားရေးလုပ်ငန်းများနှင့် ဈေးကွက်အတွင်း ငွေကြေးလည်ပတ်မှုကို ပြန်လည်အားကောင်းစေခြင်း၊ အခွင့်အလမ်းနှင့် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးခြင်း၊
- ❖ စီးပွားရေးနှင့်ပတ်သက်၍ နိုင်ငံသားများ ထိခိုက်မှု နည်းပါးစေခြင်း၊
- ❖ အလုပ်သမားများ အလုပ်လက်မဲ့မဖြစ်စေခြင်း၊
- ❖ လုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်စေခြင်း၊
- ❖ နိုင်ငံတော်၏ စီးပွားရေးလည်ပတ်မှုကို ထိခိုက်မှုအနည်းဆုံးဖြစ်စေခြင်း။

## ကျေးဇူးတင်လွှာ

နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်များကို ဥပဒေနှင့်အညီ ပေးဆောင်ကြပါသော အခွန်ထမ်းများနှင့် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြသော လုပ်ငန်းရှင်များအား အထူးကျေးဇူးတင်ရှိပါသည်။

အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ပြန်ကြားရေးအဖွဲ့ (ရုံးချုပ်)၊ နေပြည်တော် ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃ သို့မဟုတ် အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (ရန်ကုန်)၊ ဖုန်း -၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ဖုန်း-၀၂-၄၀၃၀၁၉၂ သို့မေးမြန်းစုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကို download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## COVID-19 ကြောင့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရေးအတွက် အခွန်ပေးဆောင်ရမည့်ရက်တိုးမြှင့်သတ်မှတ်ပေးခြင်းဆိုင်ရာ သိကောင်းစရာများ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

**Internal Revenue Department**
**Office Building No.(46), Nay Pyi Taw**
https://www.ird.gov.mm

**“ Tax by the Law, Service by our Heart ”**